အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

ဒေါက်တာဆာဆာ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးပြည်ထောင်စုဝန်ကြီး၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူမှ ပြင်သစ်သမ္မတနိုင်ငံ၏ ပါလီမန်အမတ်များထံသို့ ပန်ကြားချက်

၂၃ ရက်၊ ဇွန်လ၊ ၂၀၂၁ ခုနှစ်

မင်္ဂလာပါ။

လေးစားအပ်ပါသော သဘာပတိကြီးနှင့်တကွ ပြင်သစ်ပါလီမန်အဖွဲ့ဝင်များနှင့် ပြင်သစ်အမျိုးသားညီလာခံ အဖွဲ့ဝင်များခင်ဗျာ၊ မြန်မာပြည်သူလူထုကို ကိုယ်စားပြုနိုင်ရန်အတွက် ကျွန်ုပ်အား ယခုကဲ့သို့ အခွင့်အရေးပေးသည့်အတွက် ကျွန်ုပ်အနေဖြင့် မြန်မာပြည်သူလူထု ကိုယ်စားအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ ရဲရင့်သောမြန်မာပြည်သူများနှင့် မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ပြင်သစ်သမ္မတနိုင်ငံတော်၏ ပြည်သူများ၊ ပါလီမန်အမတ်များနှင့် ပြင်သစ်အစိုးရမှ မြန်မာ့သမိုင်း၏ အရေးကြီးသော အခိုက်အတန့်တွင် မြန်မာပြည်သူများနှင့် အတူရပ်တည်ပေးကြသည့်အတွက် အလွန်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ယခုအချိန်ကာလသည် မြန်မာနိုင်ငံသမိုင်း တစ်လျှောက်တွင် အမှောင်မိုက်ဆုံးအချိန်နှင့် အရေးပါဆုံးသောကာလ ဖြစ်ပါသည်။ ကျွန်ုပ်တို့တိုင်းပြည်၏ ကံကြမ္မာနှင့် အနာဂတ်သည် ဟန်ချက်ညီအောင် ထိန်းသိမ်းနေစဉ် ပြင်သစ်သမ္မတနိုင်ငံရှိ ပြည်သူများ၊ ပါလီမန်အမတ်များ၊ ပြင်သစ်အစိုးရနှင့် ၎င်း၏အပြည်ပြည်ဆိုင်ရာမဟာမိတ်အဖွဲ့အစည်းများ၏ ခိုင်မာသော စဉ်ဆက်မပျက် ထောက်ခံ အားပေးမှုသည် မြန်မာနိုင်ငံ၏ ကြီးမားသော ကံဆိုးမိုးမှောင်ကျမှုနှင့် အကြမ်းဖက်အုပ်ချုပ်ခြင်းများမှ လွတ်မြောက်နိုင်ရန် မရှိမဖြစ် အလွန်အရေးကြီးပါသည်။ ရဲစွမ်းသတ္တိရှိသော မြန်မာပြည်သူ ၅၄ သန်းသည် ရက်စက်

ကြမ်းကြုတ်သော စစ်ဗိုလ်ချုပ်များနှင့် သူတို့၏အုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်းများစွာကတည်းက ယခုအချိန်အထိ ညှင်းပန်းနှိပ်စက်မှုအမျိုးမျိုးကို ခါးစီးခံစားခဲ့ကြရပြီး သူတို့၏ မျှော်လင့်ချက်များ၊ မျှော်မှန်းချက်များနှင့် အိပ်မက်များကိုအကောင်အထည်ဖော်ဆောင်ရာတွင် ပြင်သစ်သမ္မတနိုင်ငံရှိ ပြည်သူများ၊ ပါလီမန်အမတ်များနှင့် ပြင်သစ်အစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှု၊ ခင်မင်ရင်းနှီးမှုနှင့် ထောက်ခံအားပေးမှုများကို ယခင်အချိန်များထက် ပိုမိုလိုအပ်နေပါသည်။

မြန်မာပြည်သူများအတွက်အင်အားကြီးသော အသံအဖြစ်ရှိနေပေးပြီး၊ ဥရောပသမဂ္ဂ၊ ကုလသမဂ္ဂ နှင့် G7 တွင် မြန်မာပြည်သူလူထုကိုယ်စား ခေါင်းဆောင်မှုကဏ္ဍများတွင် တာဝန်ယူခြင်းအပြင် အမျိုးသား လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)တို့အား မြန်မာပြည်သူလူထုကို အမှန်တကယ် ကိုယ်စားပြုသော အရေးကြီးသည့် အသံများအဖြစ် အသိအမှတ်ပြုပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ မြန်မာနိုင်ငံရှိ ရက်စက်ကြမ်းကြုတ်သော စစ်ကောင်စီထံသို့ စစ်လက်နက်များရောင်းချမှု ပိတ်ဆို့ထားသည့် နိုင်ငံများနှင့်အတူ လက်တွဲ ပူးပေါင်းပါဝင်ပေးသည့်အတွက်လည်း ကျေးဇူးတင်ပါသည်။

နိုင်ငံတစ်နိုင်ငံရှိ တပ်မတော်၏တာဝန်မှာ ၎င်းတို့၏ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ပေးရန် ဖြစ်သည်။ သို့သော်လည်း မင်းအောင်လှိုင်၏ အုပ်ချုပ်မှုအောက်တွင်ရှိကြသော စစ်သားများသည် မင်းအောင်လှိုင်၏ အမိန့်ပေးမှုကြောင့် ၎င်းတို့၏တာဝန်နှင့် လုံးဝဆန့်ကျင်သည့် လုပ်ရပ်များ လုပ်ဆောင်နေကြပြီး ရဲရင့်၊ အပြစ်မဲ့သည့် ပြည်သူများအား နေ့တိုင်း၊ နာရီတိုင်းတွင် အကြောင်းမဲ့ ထင်တိုင်းကြဲကာ သတ်ဖြတ်မှုများ၊ ဖမ်းဆီးချုပ်နှောင်မှုများ ဆက်လက်ပြုလုပ်နေကြသည်။ မြန်မာပြည်သူလူထုသည် မင်းအောင်လှိုင်နှင့် သူ့ကိုအစီရင်ခံနေကြ သူများအား အကြမ်းဖက် စစ်အုပ်စုများအဖြစ် တညီတညွတ်တည်း သတ်မှတ်ထားကြသည်။ အကြမ်းဖက်မှုများကို ဦးဆောင်သော လူသတ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် သူ၏အပေါင်းအပါများက မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ရွေးကောက်ပွဲရလဒ်ကို ခိုးယူပြီး မြန်မာပြည်သူလူထု၏ ရွေးကောက်ခံ တရားဝင် အစိုးရထံမှ မတရား အာဏာသိမ်းပိုက်ခဲ့သည့်နေ့မှစ၍ ၄ လ ကြာမြင့်ခဲ့ပြီဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းသည့်နေ့မှစ၍ အနည်းဆုံး ကလေး ၇၂ ဦးအပါအဝင် အပြစ်မဲ့ပြည်သူများ ၉၀၀ နီးပါးကို စစ်ကောင်စီက သတ်ဖြတ်ခဲ့သည်။ အရပ်သားပြည်သူ ၆၂၀၀ ကျော်အား ဖမ်းဆီးထားပြီး ၂၁၀၀ ကျော်အား အကြမ်းဖက်စစ်ကောင်စီက ဖမ်းဝရမ်း ထုတ်ထားလျက်ရှိသည်။ မြန်မာပြည်သူလူထုအပေါ် နေ့စဉ်နှင့်အမျှ ပြစ်မှုကျူးလွန် နေကြသော နိုင်ငံတော်သစ္စာဖောက် စစ်ဗိုလ်ချုပ်များကိုယ်တိုင်က ကျွန်တော့်အား နိုင်ငံတော် သစ္စာဖောက် တစ်ဦးအဖြစ် တရားစွဲခဲ့ကြသည်။ စစ်ကောင်စီသည် အာဆီယံထိပ်သီး အစည်းအဝေးကို ဝါဒဖြန့်ချိရေး ကိရိယာတစ်ခုအဖြစ် အသုံးချနေပြီး တိုင်းပြည်အနှံ့ မြို့ကြီးများ၊ နယ်မြို့များနှင့် ရွာများတွင် လူနေအိမ်များအား နေ့စဉ်နှင့်အမျှ ဝင်ရောက်စီးနင်းမှုများပြုလုပ်လျက်ရှိသည်။ စစ်ကောင်စီတပ်ဖွဲ့များသည် အပြစ်မဲ့ပြည်သူများအား ညှင်းပန်းနှိပ်စက်ခြင်း၊ သွေးအေးစွာ သတ်ဖြတ်ခြင်းများ ဆက်လက်ကျူးလွန်လျက်ရှိသည်။ အမှန်တရားများ မပေါက်ကြားစေရန်အတွက်

လွတ်လပ်သော သတင်းမီဒီယာများကို ပိတ်ပင်တားမြစ်ထားသည်။ စစ်ကောင်စီလက်အောက်တွင် သတင်းသမားများအား အနှောင့်အယှက်ပေးခြင်း၊ ထောင်ချခြင်းများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ရက်စက်ကြမ်းကြုတ်သော စစ်ကောင်စီ၏ထောင်ထဲတွင် သတင်းသမား အယောက် ၄၀ ကျော်ကို ဆက်လက်ထိန်းသိမ်းထားဆဲ ဖြစ်သည်။

ကျွန်တော်တို့မြင်တွေ့ရသည့် စစ်ကောင်စီ၏ အကြမ်းဖက်မှုသည် အစီအစဉ်တကျ၊ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျက်ရှိပါသည်။ သူတို့သည် လက်နက်မဲ့ မြန်မာပြည်သူလူထုအပေါ်တွင် ကြီးမားသော စစ်မြေပြင်သုံး စစ်လက်နက်များ အသုံးပြုခြင်းဖြင့် လူသားမျိုးနွယ်စုအပေါ် ရာဇဝတ်မှုကို ကျူးလွန်ကြောင်းထင်ရှားလှသည်။ သူတို့သည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ၏ ကြွယ်ဝမှုများကို ခိုးယူကာ တရုတ်၊ ရုရှားနှင့် အခြားနိုင်ငံများမှ စစ်လက်နက်များ ဝယ်ယူလျက်ရှိသည်။ ရလဒ်အနေဖြင့် မြန်မာနိုင်ငံသည် ကျဆုံးသောနိုင်ငံအဖြစ်သို့ လျှင်မြန်စွာရောက်ရှိလာပြီ ဖြစ်ပြီး၊ စားနပ်ရိက္ခာမလုံခြုံမှု မြင့်တက်လာခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် စီးပွားရေးလုပ်ငန်းများ ကျဆင်းလာပြီဖြစ်သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ (ခန့်မှန်းခြေ ၁.၂ သန်း) ခန့်မှာ အာဏာသိမ်းစစ်တပ်၏ ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာခဲ့ကြရသည်။ အာဏာသိမ်းစစ်တပ်များ၏ ဖိနှိပ်ချုပ်ချယ်မှုကြောင့် အပြစ်မဲ့အရပ်သား ပြည်သူ ၁.၂ သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်သွားခြင်းသည် သာမန်ကိစ္စ မဟုတ်ပေ။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ခန့်မှန်းချက်အရ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက် (ခန့်မှန်းခြေ ၂၇ သန်း) ခန့်မှာ တစ်နှစ်အတွင်း ဆင်းရဲနွမ်းပါးမှုနှင့် ကြုံတွေ့ရနိုင်ကြောင်း ထောက်ပြခဲ့သည်။ အပြစ်မဲ့အရပ်သားမြန်မာပြည်သူ ၂၇ သန်း ခန့် တစ်နှစ်အတွင်း ဆင်းရဲနွမ်းပါးမှုနှင့် ကြုံတွေ့ရနိုင်ကြောင်းကိစ္စသည် သာမန်မဟုတ်ပေ။ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ သုံးသပ်ချက်အရ မြန်မာနိုင်ငံလူဦးရေ ၆.၄ သန်းကျော်သည် လာမည့် အောက်တိုဘာလအတွင်း ဆာလောင်မွတ်သိပ်မှု ကြုံတွေ့ရနိုင်ကြောင်းသိရသည်။ အပြစ်မဲ့အရပ်သား မြန်မာပြည်သူ ၆.၄ သန်းကျော် ဆာလောင် မွတ်သိပ်မှုနှင့် ကြုံတွေ့ရနိုင်ခြင်းကိစ္စသည် သာမန် မဟုတ်ပေ။ ပိုမိုဆိုးရွား လာသည့် စစ်အကြမ်းဖက်မှုများသာမက စတင်ဖြစ်ပေါ်နေသော ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှုတို့ကြောင့် ဖြစ်ပေါ်လာမည့် သေဆုံးမှုအရေအတွက်ကို ရေတွက်ရန် အလွန်ဝမ်းနည်း ကြေကွဲဖွယ်ကောင်းလှပါသည်။

ကျွန်တော်တို့အား အဆိုးရွားဆုံးသော နာကျင်မှုများ၊ ဆင်းရဲဒုက္ခများ၊ သေဆုံးခြင်းများနှင့် ပျက်စီးခြင်းများ ဖြစ်ပေါ်စေရန် အကြမ်းဖက်စစ်ကောင်စီ၏ ကြိုးစားအားထုတ်မှုများကို မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင် နိုင်ငံသားများဖြစ်သည့် ကျွန်တော်တို့သည် ရဲစွမ်းသတ္တိရှိရှိ ပြိမ်းချမ်းစွာ ခုခံတွန်းလှန်ခြင်းဖြင့် အကြမ်းဖက်မှုအဖြစ်ဆိုးများ၊ ဆက်လက်၍ လူမျိုးတုံး သတ်ဖြတ်နေမှုများ၊ ရာဇဝတ်မှုမြောက်သည့်ကျူးလွန်မှုများနှင့် ဆင်းရဲနွမ်းပါးမှု၊ ငတ်မွတ်ခေါင်းပါးမှုကိုတားဆီးနိုင်ရန်အတွက် အတတ်နိုင်ဆုံးကြိုးပမ်းလုပ်ဆောင်နေကြသည်။ သူတို့သည် သွေးစွန်းနေသော စစ်မြေပြင် လက်နက်များဖြင့် ကျွန်တော်တို့ ပြည်သူများ၏ လွတ်လပ်ခွင့်နှင့် ဒီမိုကရေစီကို

လုပ်ယူရန် ဆက်လက်ကြိုးစားနေကြသည်။ ကြောက်ရွံ့ခြင်းမရှိသော ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ကျောင်းဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ တက်ကြွ လှုပ်ရှားသူ နိုင်ငံသားများက စတင်ဦးဆောင်သော အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ထောင်ပေါင်း များစွာသော ပြည်သူ့ ဝန်ထမ်းများနှင့် ပုဂ္ဂလိက ကဏ္ဍမှ လုပ်သားများကပူးပေါင်းပါဝင်လာကြသည်။ ဤလှုပ်ရှားမှုသည် စစ်အာဏာရှင်ကိုဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အင်အားအကြီးဆုံးသော ငြိမ်းချမ်းရေး လှုပ်ရှားမှုကြီးတစ်ရပ်ဖြစ်သည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိပါ။ အကာအကွယ်မဲ့သော မြန်မာပြည်သူလူထုသည် တစ်နိုင်ငံလုံးအနှံ့ ချီတက်ကာ သတ်ဖြတ်မှုများနှင့် ဖိနှိပ်မှုများ ကျူးလွန် လျက်ရှိသော အာဏာသိမ်း စစ်ကောင်စီများ၏ မျက်မှောက်တွင် ၎င်းတို့၏သတ္တိနှင့် ရဲရင့်မှုများကို အရှုံးမပေးဘဲ နေ့စဉ်ပြသလျက်ရှိကြသည်။

မြန်မာပြည်သူလူထုများသည် အကြမ်းဖက်စစ်ကောင်စီကို ဆန့်ကျင်လျက် အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုများ (CDM)၊ သပိတ်မှောက်ခြင်းများနှင့် အခြားလူထုအခြေပြု အာဏာဖီဆန်ရေး လုပ်ရပ်များတွင် ပါဝင်ခြင်းအားဖြင့် စစ်ကောင်စီအပေါ် ပြင်းထန်သော ပြည်တွင်း အရေးယူပိတ်ဆို့မှု များကို စတင်ခဲ့ကြသည်။ ကျွန်တော်တို့သည် စစ်ကောင်စီ၏ ထုတ်ကုန်များကို မဝယ်ယူမသုံးစွဲခြင်း၊ ပြည်သူ့ဝန်ထမ်း အများစုကလည်း စစ်ကောင်စီ၏ လက်အောက်တွင် ရုံးမတက်ခြင်းဖြင့် သပိတ် မှောက်ကြသည်။ နိုင်ငံတကာအသိုင်းအဝိုင်းက ယခုချိန်အထိ လုပ်ဆောင်နေသော အရေးယူပိတ်ဆို့မှု များသည် ကျွန်တော်တို့၏ ပြည်တွင်းအားထုတ်မှုများအပေါ် အထောက်အကူပြုပါသည်။ စစ်ကောင်စီ နှင့် သူတို့၏တပ်ဖွဲ့များသည် ရက်စက်ကြမ်းကြုတ်သောနှိမ်နင်းမှုများ ဆက်လက်ပြုလုပ် နေသော် လည်း စစ်ကောင်စီအပေါ် ဆန့်ကျင်မှုများသည် မြန်မာပြည်သူလူထုများအကြားတွင် ညီညီညွတ်ညွတ် ဆက်လက်အားကောင်း ပြင်းထန်နေဆဲဖြစ်သည်။ မည်သို့ပင်ဆိုစေ ပြင်သစ်သမ္မတနိုင်ငံမှ ပြည်သူ လူထုများ၊ ပါလီမန်အမတ်များ၊ ပြင်သစ်အစိုးရနှင့် ၎င်း၏နိုင်ငံတကာ မိတ်ဖက်များ၏ အကူအညီ များသည် မရှိမဖြစ်အရေးကြီးလှပါသည်။

ကျွန်ုပ်အနေဖြင့် ပြင်သစ်သမ္မတနိုင်ငံရှိပြည်သူများ၊ ပါလီမန်အမတ်များ၊ ပြင်သစ်အစိုးရနှင့် ကမ္ဘာတစ်ဝှမ်းလုံးရှိ ၎င်း၏မဟာမိတ်များအား အဓိကကျအရေးကြီးသောအချက် သုံးချက် ကို တောင်းခံလိုပါသည်။

၁) အမျိုးသားညီညွတ်ရေးအစိုးရအား မြန်မာပြည်သူလူထုအတွက် ကိုယ်စားပြုသည့် တစ်ခုတည်း သော **တရားဝင်ကိုယ်စားလှယ်အဖြစ်** သတ်မှတ်ပေးပါ။ အမျိုးသားညီညွတ်ရေး အစိုးရသည် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ဒီမိုကရေစီ ရွေးကောက်ပွဲတွင် မြန်မာပြည်သူလူထုက ရွေးကောက် တင်မြှောက် ထားသည့် အရပ်သားခေါင်းဆောင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ တိုင်းရင်းသား ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားပါသည်။ ကျွန်တော်တို့အား မြန်မာပြည်သူလူထုက တရားဝင် အစိုးရအဖြစ် အသိအမှတ်ပြုသကဲ့သို့ နိုင်ငံတကာ အသိုင်းအဝိုင်း များအနေဖြင့်လည်း ကျွန်တော်တို့ အား တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုပြီး အတူတကွလက်တွဲ လုပ်ဆောင်ရန် မျှော်လင့်ပါသည်။

၂) ကြီးထွားလာနေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းကို ကူညီဖြေရှင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျွန်တော်တို့သည် ကူညီထောက်ပံ့မှု လိုအပ်ပါသည်။ အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့် ကူညီထောက်ပံ့မှုများကို လိုအပ်သည့်နေရာများနှင့် ယင်းသို့ ပို့ဆောင်ရန်နည်းလမ်းများကို သိရှိပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများ ကြီးထွားလာခြင်းသည် COVID-19 ရောဂါပျံ့နှံ့မှုနှင့် စစ်ရေးပဋိပက္ခများကြောင့်ဖြစ်ပြီး ကိုဗစ်ကာကွယ်ဆေးသည် လက်ရှိတွင် စစ်ကောင်စီလက်ထဲတွင် ရှိနေပြီး သူတို့နှင့်သူတို့၏မိသားစုကိုသာအရင်ဦးစားပေး ထိုးနှံကြသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ကျရှုံးနေပြီဖြစ်ပြီး ပြည်သူသန်းပေါင်းများစွာသည် သောက်သုံးရေ၊ အစားအစာ၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ခိုလှုံရန်နေရာများနှင့် ဆေးဝါးများ ပြတ်လပ်နေ (သို့မဟုတ်) ပြတ်လပ်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။ UNWFP ၏ ခန့်မှန်းချက်အရ လာမည့် အောက်တိုဘာလခန့်တွင် မြန်မာနိုင်ငံရှိပြည်သူ ၆.၄ သန်းခန့်သည် အစားအသောက် ပြတ်လပ်နိုင်ကြောင်းထောက်ပြထားသည်။ ကျွန်တော်တို့သည် (၁) စားနပ်ရိက္ခာဖူလုံရေး (၂) ကျန်းမာရေး (၃) ခိုလှုံရန်နေရာနှင့် (၄) ပညာရေးကဏ္ဍများတွင် အကူအညီများ အရေးတကြီး လိုအပ်လျက်ရှိပါသည်။

၃) နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်ကောင်စီ၏ ငွေကြေးစီးဆင်းမှုအား ပိတ်ဆို့ပေးခြင်းဖြင့် ကူညီပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ကျွန်တော်တို့နှင့်အတူ ရပ်တည်လျက်အရေးယူဒဏ်ခတ်မှုများ ပူးပေါင်းပြုလုပ်ပါက လူသတ်စစ်ကောင်စီလက်ထဲသို့ ငွေစီးဆင်းမှုများကိုဖြတ်တောက်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ပြင်သစ်သမ္မတအစိုးရအား ၎င်းတို့၏ထိန်းချုပ်မှုအောက်တွင်ရှိသော အများပြည်သူပိုင်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်ဖြစ်စေ မည်သည့်အဖွဲ့အစည်းကမျှ စစ်ကောင်စီအဖွဲ့၊ ၎င်း၏စီးပွားရေးမိတ်ဖက်များ၊ စစ်ခေါင်းဆောင်များနှင့်၎င်း တို့၏မိသားစုဝင်များအား ငွေကြေးလွှဲပြောင်းပေးအပ်မှုများ မပြုလုပ်ရန် ကျွန်တော်တို့အနေဖြင့် လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်။ အကြမ်းဖက်စစ်ကောင်စီ၏ အကြီးမားဆုံး ဝင်ငွေအရင်းအမြစ်ဖြစ်သောရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍကို နိုင်ငံတကာအသိုင်းအဝိုင်းက ထိရောက်စွာ ဒဏ်ခတ်အရေးယူမှုမရှိသေးပါ။ ချိတ်ဆက်ဆောင်ရွက်သော ပစ်မှတ်ထားအရေးယူမှု နှင့် ဥပဒေပြဋ္ဌာန်းခြင်းတို့အားဖြင့်စစ်အာဏာရှင်များထံသို့ ငွေစီးဆင်းမှုရပ်တန့်ရန် ကုမ္ပဏီများက ဥပဒေကြောင်းအရလိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။ Total စွမ်းအင်ကုမ္ပဏီမှ စစ်အာဏာရှင်ထံသို့ ရန်ပုံငွေများကိုရပ်တန့်စေနိုင်မည့် အရေးယူပိတ်ဆို့မှုများကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် ပြင်သစ်အစိုးကိုကျွန်ုပ်တို့အသနားခံ တင်ပြပါသည်။ မြန်မာပြည်သူများကိုသတ်ဖြတ်ပြီး ပြည်သူများပိုင်ဆိုင်သည့်ကြွယ်ဝမှုများကို ဂုတ်သွေးစုပ် သုံးစွဲနေသော အကြမ်းဖက်စစ်ကောင်စီ၏ တရားမဝင်လုပ်ရပ်များကိုကျွန်တော်တို့ ဆက်လက်ခွင့်မပြုသင့်ပါ။ ထို့ကြောင့် ပြင်သစ်အစိုးရနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာမှစစ်လက်နက်များရောင်းချခြင်း စသည်များကို အရေးယူပိတ်ဆို့ခြင်းများ အပါအဝင် နည်းပညာပံ့ပိုးမှုကိုပိတ်ဆို့ခြင်းနှင့် မြန်မာနိုင်ငံအထက်တွင် လေယာဉ် ဖြတ်ကျော်ပျံသန်းခွင့်မရှိသောနေရာများ

သတ်မှတ်ပေးရန် တောင်းဆိုအပ်ပါသည်။ ဤလုပ်ရပ်များသည် ပြည်တွင်းစစ်နှင့် လူမျိုးတုံး သတ်ဖြတ်မှု ထပ်မံဖြစ်ပွားမှုကို တားဆီးရန် အလွန်အရေးပါသော ခြေလှမ်းများ ဖြစ်ပါသည်။

ကျွန်တော်တို့၏ တရားဝင်နည်းလမ်းနှင့် ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်ခံ အမျိုးသား ညီညွတ်ရေးအစိုးရ အနေဖြင့် အထက်ဖော်ပြပါ ပူးပေါင်းအားထုတ်မှုများ အပေါ် ကူညီပေးရန် ဆန္ဒရှိပါသည်၊ အသင့်ရှိပါသည်၊ လုပ်လည်းလုပ်ဆောင်နိုင်ပါသည်။ ပြည်သူလူထု၏ တခဲနက် ထောက်ခံမှုဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ ပေါ်ပေါက်လာခြင်းသည် မြန်မာ့သမိုင်းတွင် ပထမဆုံး အကြိမ် ဖြစ်ပါသည်။ ကျွန်တော်တို့သည် လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ဒီမိုကရေစီကို ယုံကြည်လက်ခံသော ပြင်သစ်သမ္မတနိုင်ငံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၊ ကမ္ဘာတစ်ဝှမ်းလုံးရှိ လွတ်လပ်သောနိုင်ငံများနှင့် နိုင်ငံခေါင်းဆောင်များထံမှ ထောက်ခံမှုများ၊ အသိအမှတ်ပြုမှုများ၊ ဆက်သွယ်မှုများနှင့် အတူတကွလက်တွဲပူးပေါင်း လုပ်ဆောင်မှုများကို လိုအပ်ပါသည်။ မြန်မာ့သမိုင်းတွင် ပထမဆုံး အကြိမ်အဖြစ် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေး ပါတီများ၊ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များနှင့် လူထုအခြေပြုလူမှု အဖွဲ့အစည်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဘုံရန်သူကို ဆန့်ကျင်ရန်အတွက် ပူးပေါင်းပါဝင်ကြခြင်းဖြစ်သည်။ ဤဖြစ်ရပ်သည် ရာစုနှစ်၏ အကြီးမား ဆုံးသော အခွင့်အရေးကြီး တစ်ရပ်ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်တော်တို့သည် ဤအခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပြီး ကောက်ကျစ်ဆိုးညစ်သည့် တရားမဝင်သော စစ်အုပ်ချုပ်မှုကို အဆုံးသတ်ကာ ပွင့်လင်းမြင်သာမှုရှိပြီး အားလုံးပါဝင်သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သစ်ကို တည်ထောင်ရမည်ဖြစ်သည်။ မြန်မာပြည်သူလူထု၏ တူညီသော ဘုံသဘောဆန္ဒများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို တည်ထောင်ခြင်း- လူမျိုး၊ လိင်(ကျား၊မ)၊ ယဉ်ကျေးမှု၊ လူမျိုးစု၊ နောက်ခံအကြောင်းအရာနှင့် ကိုးကွယ်ရာဘာသာမရွေး လူတိုင်း၏အခွင့်အရေးကို သာတူညီမျှ လေးစား၊ ကာကွယ်၊ မြှင့်တင်သည့် လွတ်လပ်ခွင့်၊ လူ့အခွင့်အရေးနှင့် **ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ထူထောင်ရန် ဖြစ်သည်**။ ဖက်ဒရယ်ပြည်နယ်များနှင့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှစ်ရပ်စလုံးကို ပြည်သူများအတွက် ပြည်သူများကသာ ဖွဲ့စည်းသည့် ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကို ကျွန်တော်တို့တည်ထောင်နေပါသည်။ အာဏာနှင့် သယံဇာတ အရင်းအမြစ် ခွဲဝေမှုတို့သည် တန်းတူညီမျှခြင်းနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မူဝါဒများ အပေါ် အခြေခံမှုရှိပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်များသည်လည်း သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့် ရှိကြမည်ဖြစ်သည်။

- မြန်မာနိုင်ငံနှင့် ပြည်သူလူထုအတွက် ကင်ဆာရောဂါသဖွယ် ဖြစ်လာသော **စစ်အာဏာရှင်စနစ်နှင့် လူမျိုးတုံးသတ်ဖြတ်နေသော လက်ရှိစစ်တပ်ကို အပြီးတိုင် အမြစ်ပြတ်ချေမှုန်းပစ်မှ** သာလျှင် လွတ်လပ်ရေး၊ လူတိုင်းအတွက် လူ့အခွင့်အရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ရှိလာမည် ဖြစ်သည်။ အရပ်သားအစိုးရက ဦးဆောင်ပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သော၊ မြန်မာပြည်သူလူထုတစ်ရပ်လုံးက ပိုင်ဆိုင်သော ပြည်သူ့တပ်မတော်ဖြင့် စစ်အာဏာရှင်တပ်ကို အစားထိုးမည်ဖြစ်သည်။
- **စစ်အာဏာရှင်က စစ်အာဏာရှင်အတွက် ရေးဆွဲပြဋ္ဌာန်းထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးဖျက်သိမ်းခြင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကဲ့သို့ ခွဲခြားဆက်ဆံမှုများရှိနေသော ဥပဒေများကို အပြီးတိုင်ဖျက်သိမ်းခြင်းတို့** ပြုလုပ်မှသာလျှင် လွတ်လပ်ရေး၊ လူတိုင်းအတွက် လူ့အခွင့်အရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖြစ်တည်လာမည်ဖြစ်ပြီး ၎င်းကို ဥပဒေအသစ်များနှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို မြန်မာနိုင်ငံသားများအတွက် အစားထိုးပြဋ္ဌာန်းပေးမည် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ပါဝင်သင့်ပါဝင်ထိုက်သူများ အားလုံးနှင့်အတူ၊ အားလုံးပါဝင်သည့်ပုံစံဖြင့်သာ ဆောင်ရွက် သွားမည်ဖြစ်သည်။ မြန်မာပြည်သူက အနိုင်ရရှိပြီး၊ မြန်မာပြည်သူတို့ ပိုင်ဆိုင်မည့်၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတွက်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ညီလာခံနှင့် လူထုဆန္ဒခံယူပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ဒေသတွင်းငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တစ်ခုတည်းသော နည်းလမ်းမှာ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်များကို အမြစ်ပြတ်ချေမှုန်းခြင်းနှင့် မြန်မာပြည်သူများအားလုံးအတွက် ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို တည်ထောင်ခြင်းဖြစ်သည်။

ကျွန်တော်တို့နိုင်ငံအား စစ်အာဏာရှင်လက်အောက်မှ လွတ်မြောက်ရေး လှုပ်ရှားမှုများတွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ကြသည့် ရဲရင့်လှသည့် မြန်မာနိုင်ငံမှ ပြည်သူများ၊ သူတို့၏ ပြောင်မြောက်သော သတ္တိ၊ လွတ်လပ်မှု၊ လူ့အခွင့်အရေး၊ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးနှင့် မြန်မာပြည်သူအားလုံးအတွက် တရားမျှတမှုများရရှိရေး ဆောင်ရွက်သွားမည့်သူတို့၏ ခိုင်မာသော ဆုံးဖြတ်ချက်များအတွက် ကျွန်တော့်အနေနှင့် အလွန်ပင်ဂုဏ်ယူမိပါသည်။

ကျွန်တော် ပြောပါရစေ။ မြန်မာနိုင်ငံအား စစ်အာဏာရှင်စနစ်ဆိုး လက်အောက်မှ လွတ်မြောက်နိုင်ရန် ကြိုးပမ်းနေသည့် ကျွန်တော်တို့၏ တော်လှန်ရေးသည် မုချအောင်မြင်ပါမည်။ ဤတိုက်ပွဲ၏ အဆုံးတွင် အားလုံးအတွက် လွတ်လပ်မှု၊ ဖက်ဒရယ် ဒီမိုကရေစီ၊ လူ့အခွင့်အရေးကို အာမခံသည့်နိုင်ငံ၊ ကမ္ဘာ့အသိုင်းအဝိုင်းတွင် တာဝန်သိသော မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် ညီညွတ်သော ပြည်ထောင်စု မြန်မာနိုင်ငံ ပေါ်ထွက်လာပါမည်။

ပြင်သစ်သမ္မတနိုင်ငံရှိ ပြည်သူများ၊ ပါလီမန်များနှင့် ပြင်သစ်အစိုးရတို့၏ ထောက်ခံအားပေးမှုဖြင့် ကျွန်ုပ်တို့၏ ရည်မှန်းချက်နှင့် အိပ်မက်များသည် အစွမ်းထက်သော အမှန်တရားဖြစ်လာပြီး ကျွန်ုပ်တို့၏ ခိုင်မြဲသောခင်မင်မှုနှင့် ခိုင်မြဲသောကျေးဇူးတင်မှုကို သက်သေထူလိမ့်မည်။

ကျေးဇူးတင်ပါသည်။

လေးစားစွာဖြင့်

ဒေါက်တာဆာဆာ

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး

အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ပေါင်း